## Declaration Policy (ကြေညာခြင်းပေါ်လီစီ) အထူးစည်းမျဉ်းများ

(၁) ဤပေါ်လီစီအတွက် ပရီမီယံမှာယာယီသာဖြစ်ရာ ဤတွင်အာမခံထားငွေ၏(၇၅%)ပေါ်၌သာ ယာယီပရီမီယံကို တွက်ချက်လက်ခံထားပြီး အာမခံသက်တမ်းတရပ် ကုန်ဆုံးသောအချိန်၌သာ စုစုပေါင်းကျသင့်ပရီမီယံကို လိုအပ်သလို ညှိနှိုင်းတွက်ချက်ရမည်ဖြစ်သည်။

ပြက္ခဒိန်လတိုင်းတွင် စာရင်းချုပ်၍ ဖော်ပြပါရှိသည့်ရက်စွဲမှ ရက်ပေါင်း(၃၀)အတွင်း၌ စာရင်းချုပ်တွင်ပါရှိသည့် အတိုင်း ကြေညာခြင်းပေါ်လီစီများဖြင့် အာမခံထားရှိခြင်းမဟုတ်ဘဲ အခြားပေါ်လီစီများဖြင့် အာမခံထားရှိသည့်တန်ဘိုးများ ကို နုတ်ထားသော အသားတင်ကုန်လက်ကျန်တန်ဘိုးကိုသာစာရေး၍ ဤကုမ္ပဏီသို့ အကြောင်းကြားကြေညာရန် အာမခံထားသူက သဘောတူညီပါသည်။ ယင်းကြေညာချက်ကို အာမခံထားသူ (သို့မဟုတ်) ထိုကိစ္စအတွက် တာဝန်ပေးအပ် ခြင်းခံရသူက လက်မှတ်ရေးထိုး အတည်ပြုရမည်။

အကယ်၍ အာမခံထားရှိသော ကုန်လက်ကျန်များကို တာဝန်ယူအာမခံသည့် အခြားကြေညာခြင်း ပေါ်လီစီများ ရှိနေလျှင်လည်း ကြေညာခြင်းပေါ်လီစီတစ်ခုချင်းက အာမခံသည့်အချိုးကျတန်ဘိုး ပေါ်လွင်စေရန်အလို့ငှာ ကြေညာခြင်းကို အသေးစိတ်အတိအကျ ပြုလုပ်ရမည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရက်ပေါင်း(၃၀)အတွင်း၌ ကြေညာရန်ပျက်ကွက်ပါက အာမခံထားသူက အာမခံ ထားရှိသောကုန်ပစ္စည်းတန်ဘိုးအားလုံး (သက်ဆိုင်ရာလ၏ လက်ကျန်တန်ဘိုးသာမဟုတ်ဘဲ)ကို ကြေညာသည်ဟု မှတ်ယူရ မည်။

အာမခံသက်တမ်းကုန်ဆုံးသောအခါ သက်ဆိုင်ရာပရီမီယံနှုန်းဖြင့် ပျမ်းမျှအာမခံထားသောအပေါ်၌ စုစုပေါင်းကျသင့် ပရီမီယံကို တွက်ချက်ရမည်။ ပျမ်းမျှအာမခံထားငွေဆိုသည်မှာ ကြေညာထားသော (ကြေညာသည်ဟုမှတ်ယူရသော တန်ဘိုးအပါအဝင်) တန်ဘိုးစုစုပေါင်းအား ကြေညာသည့်အကြိမ် (ကြေညာသည်ဟု ယူဆရသည့်အကြိမ်အပါအဝင်)ဖြင့် စား၍ ရသည့်တန်ဘိုးဖြစ်သည်။ အကယ်၍ ကျသင့်ပရီမီယံမှာ **ယာယီပရီမီယံ**ထက် ပိုမိုနေလျှင် အာမခံထားသူက လိုငွေကို ထပ်မံပေးဆောင်ရမည်ဖြစ်သကဲ့သို့ ယာယီပရီမီယံက ပိုမိုလျှင်လည်း ဤကုမ္ပဏီက ပိုငွေကိုပြန်အမ်းမည်။ သို့ရာတွင် ထိုသို့ ပြန်အမ်းမည့်ငွေမှာ ယာယီပရီမီယံ၏ (၅၀%) ထက်မပိုမိုစေရ။

(၂) ကြေညာခြင်းများအတွက် အခြေခံတန်ဘိုးမှာ ကာလပေါက်ဈေးဖြစ်ပြီး မည်သည့်လျော်ကြေးအတွက်မဆို ဆုံးရှုံးမှုနှင့်အနီးကပ်ဆုံး အလျောက်ကျသည့် ကာလပေါက်ဈေး၌ အခြေခံရမည်။

(၃) ဆုံးရှုံးမှုတရပ်ပေါ်ပေါက်ချိန်၌ အာမခံထားသူကဖြစ်စေ၊ အခြားမည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်များကဖြစ်စေ ထားရှိပြီး ဤပေါ်လီစီက အာမခံသည့်ကုန်လက်ကျန်များကိုပင် တာဝန်ယူအာမခံသော ကြေညာခြင်းပေါ်လီစီများမဟုတ် သည့် အခြားအာမခံ (သို့မဟုတ်) အာမခံများရှိနေလျှင် ဆုံးရှုံးချိန်၌ ယင်းအာမခံ (သို့မဟုတ်) အာမခံများက တာဝန်ယူသည့် တန်ဘိုးထက် ပိုမိုသောတန်ဘိုးနှင့်သာ ဤပေါ်လီစီက သက်ဆိုင်ရမည်။ ဤကုမ္ပဏီသည် ယင်းဆုံးရှုံးမှု၏ အချိုးကျတန်ဘိုး ထက် ပိုမိုပေးလျော်ရန် (သို့မဟုတ်) ထည့်ဝင်ရန် တာဝန်မရှိပါ။ ထိုအချိုးကျတန်ဘိုးမှာလည်း ကုန်လက်ကျန်တန်ဘိုး စုစုပေါင်းနှင့် အာမခံထားငွေတို့အပေါ်အခြေခံသော အချိုးကျတန်ဘိုးထက် မပိုမိုစေရ။ (သို့မဟုတ်) အကယ်၍အဆိုပါ

ကုန်လက်ကျန်ကို တာဝန်ယူအာမခံသည့် အခြားကြေညာခြင်းပေါ်လီစီများရှိနေလျှင်လည်း ပိုမိုသောတန်ဘိုး၏ အချိုးကျ တန်ဘိုးထက်ပိုမို၍ ဤကုမ္ပဏီက တာဝန်မရှိစေရ။)

(၄) ဆုံးရှုံးမှုတရပ်ပေါ်ပေါက်ပြီးနောက် ယင်းဆုံးရှုံးမှု အလျှင်ကြေညာခဲ့သည့်တန်ဘိုးသည် ကြေညာသင့်သည့်တန်ဘိုး ထက် လျော့နည်းနေကြောင်းတွေ့ရှိရပါက အာမခံထားသူရရှိရမည့်တန်ဘိုးမှာ ကြေညာသင့်သည့်တန်ဘိုးနှင့် လျော့နည်း ကြေညာခဲ့သော တန်ဘိုးအပေါ်မူတည်၍ အချိုးကျလျော့နည်းသော တန်ဘိုးဖြစ်သည်။

(၅) ဆုံးရှုံးမှုတရပ်ပေါ်ပေါက်လျှင် အာမခံထားသူသည် ယင်းဆုံးရှုံးမှုဖြစ်သည့်ရက်စွဲမှ သက်တမ်းကုန်ဆုံးသည့်ရက်စွဲအထိ ကာလနှင့် ယင်းဆုံးရှုံးမှုတန်ဘိုးအပေါ်တွက်ချက်ကျသင့်သော အချိုးကျအပိုပရီမီယံကို ပေးဆောင်ရန်တာဝန်ရှိသည်။ ယင်းဆုံးရှုံးသော ကုန်လက်ကျန်အတွက် တွက်ချက်ကျသင့်သည့် အဆိုပါအပိုပရီမီယံမှာ နောက်ဆုံးညှိနှိုင်းတွက်ချက်ရမည့် ကျသင့်ပရီမီယံ စုစုပေါင်းနှင့်မသက်ဆိုင်။

(၆) အာမခံထားသူက ဤပေါ်လီစီကို အာမခံသက်တမ်းအတွင်း ပယ်ဖျက်လျှင် (ကုန်လက်ကျန်ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ) ဤကုမ္ပဏီက ရရှိရမည့်ပရီမီယံမှာ ပယ်ဖျက်ချိန်အထိ ပျမ်းမျှအာမခံတန်ဘိုးအပေါ်၌ သင့်တော်သည့် ကာလတို ပရီမီယံနှုန်းဖြင့် တွက်ချက်ကျသင့်သောပရီမီယံ (သို့မဟုတ်) **ယာယီပရီမီယံ**၏ ၅၀%၊ ယင်း(၂)မျိုးအနက် **များသည့် ပရီမီယံ**ဖြစ်သည်။ သို့ရာတွင် ဆုံးရှုံးမှုတရပ်ပေါ်ပေါက်ပြီးမှ အာမခံထားသူက ပေါ်လီစီကိုပယ်ဖျက်လျှင် ဤကုမ္ပဏီက ရရှိမည့် ပရီမီယံမှာ ပယ်ဖျက်ချိန်အထိ အာမခံထားရှိသော ပျမ်းမျှတန်ဘိုးအပေါ် တွက်ချက်ကျသင့်သည့် အချိုးကျပရီမီယံနှင့်ဆုံးရှုံး ချိန်မှ သက်တမ်းကုန်ဆုံးချိန်အထိ ပေးချေထားသော လျော်ကြေးအပေါ် တွက်ချက်ကျသင့်သည့် အချိုးကျပရီမီယံ၊ ထို(၂)ရပ် ပေါင်းထားသည့်ပရီမီယံ (သို့မဟုတ်) **ယာယီပရီမီယံ**၏ ၅၀%၊ ယင်း(၂)မျိုးအနက် များသည့်ပရီမီယံဖြစ်သည်။

(၇) ဤပေါ်လီစီဖြင့် အာမခံထားရှိသည့် ကုန်လက်ကျန်များကိုပင် တာဝန်ယူအာမခံသည့် အခြားကြေညာခြင်း ပေါ်လီစီတိုင်း၏ စည်းမျဉ်းစာသားများသည် ဤပေါ်လီစီ၏ စာသားများနှင့် လုံးဝတသွေမတိမ်း တူညီရမည်။

(၈) ဤအထူးစည်းမျဉ်းများအရ ပေါ်လီစီ၏ မူလစည်းမျဉ်းများပြောင်းလွဲကောင်း ပြောင်းလွဲနိုင်ခြင်းများမှအပ ဤအာမခံသည် ကိစ္စအားလုံးတွင် ပေါ်လီစီ၏ပုံနှိပ်ထားသော စည်းမျဉ်းများအတိုင်းဖြစ်ပြီး၊ ၎င်းတို့နှင့် လုံးဝမဆန့်ကျင်ရ။